ဝုဿွူကို ကောင်းမွန်ကျနစွာ အပြည့်အဝပြုလုပ်ပါ၊

လက်ချောင်းများကြားကို ရေရောက်အောင် ဆေးကြောပါ၊

အိစ်သင်န်ရှားက် (နှာခေါင်းအတွင်းသို့ ရေထည့်၍ရှိုက်သွင်းကာပြန်ထုတ်ရာ) ပြုလုပ်ရာတွင်

အတိုင်းအထက်အလွန် ကောင်းစွာပြုလုပ်ပါ၊ သို့ရာတွင်အကယ်၍ သင်သည် စောင်မ်ဥပုသ်သီလ

စောင့်ထိန်းထားသူဖြစ်ပါက အလွန်အကျွံမပြုလုပ်လေနှင့်။

လကီးသ်ွ ဗင်န် ဆွဗိရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်
ဗနီမွန်သဖိက်အဖွဲ့၏ခေါင်းဆောင်အဖြစ် (သို့မဟုတ်ဗနီမွန်သဖိက်အဖွဲ့ဝင်တစ်ဦးအဖြစ်) တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
ထံသို့ လာရောက်ခဲ့သည်။ ၎င်းက ဆက်လက်ပြောပြခဲ့သည်။ ကျွန်ုပ်တို့သည်
တမန်တော်မြတ်ထံရောက်သောအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်အား အိမ်၌မတွေ့ရ‌ပါ။
ကျွန်ုပ်တို့သည် အွမ္မုလ်မုအ်မီနီးန် အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)
ကိုသာတွေ့ခဲ့ရသည်။ သခင်မသည် ကျွန်ုပ်တို့အတွက် 'ခဇီးရာ' (ဂျုံနှင့်နို့ဖြင့်ရောချက်ထားသည့်မုန့်တစ်မျိုး) ချက်ခိုင်းခဲ့သည်။ ထို့နောက်ကျွန်ုပ်တို့အတွက်(ယင်းမုန့်နှင့်အတူ) ကိနာအ် (စွန်ပလွံသီးများထည့်ထားသော
ပန်းကန်တစ်ချပ်ကို) ယူဆောင်လာခဲ့သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကြွလာခဲ့ပြီး၊ "သင်တို့ တစ်ခုခုစားပြီးကြပြီလားသို့မဟုတ် သင်တို့အတွက် တစ်ခုခုချက်ပြုတ်ခိုင်းခဲ့သလား" ကျွန်တော်တို့က
"ဟုတ်ကဲ့၊ (စားခဲ့ပြီးပါပြီ)အိုအလ္လာဟ်ရဲ့ရစူလ်တမန်တော်" ဟု လျှောက်ထားခဲ့ကြသည်။ထို့နောက် ကျွန်ုပ်တို့သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)နှင့်အတူထိုင်နေစဉ် ရုတ်တရက်ပင် သိုးထိန်းတစ်ဦးသည်မွေးမြူရေးခြံသို့ သိုးများကို မောင်းနှင်လာခဲ့သည်။ သူနှင့်အတူ
သိုးကလေးတစ်ကောင်လည်း မြည်တမ်းလျက် လိုက်ပါလာသည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က (သိုးထိန်းကို) မေးတော်မူသည်မှာ - “အို- ပုဂ္ဂိုလ် အသင့်သိုးမသည် (အထီး ၊ အမ) မည်သည့်အရာကို မွေးဖွားခဲ့သနည်း။
ထိုသူက "အမ" ဟု ဖြေဆိုခဲ့သည်။ တမန်တော်မြတ်က "သို့ဆိုလျှင် သူ့အစား
ဆိတ်မတစ်ကောင်ကို ကျွန်ုပ်တို့အတွက် ဇ‌ဗဟ်လုပ်လိုက်ပါ" ဟု မိန့်တော်မူခဲ့သည်။
ထို့နောက် (လကီးသ်ွထံသို့ လှည့်၍) မိန့်တော်မူခဲ့သည်မှာ - “ ကျွန်ုပ်တို့သည်
ထိုဆိတ်မကို သင့်အတွက် သတ်ခဲ့သည်ဟု လုံးဝမထင်လေနှင့်။ အမှန်မှာ ကျွန်ုပ်ထံတွင်သိုးတစ်ရာရှိပြီး ကျွန်ုပ်တို့သည် (ထိုအရေအတွက်ကို) ထပ်တိုးရန် မလိုလားကြပါ။
ထို့ကြောင့် သိုးထိန်း၏ (သိုးမများသည်) ‘အမ ’မွေးပါက ထိုအစား ဆိတ်မတစ်ကောင်ကို
ကျွန်ုပ်တို့ ဇဗဟ်လုပ်လေ့ရှိသည်။" လကီးသ်ွက ပြောပြခဲ့သည်မှာ - ကျွန်ုပ်က "အို-
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်မျိုးတွင် ဇနီးတစ်ဦးရှိပါသည်။ သူမ၏

[صحيح] [رواه أبو داود والترمذي والنسائي وابن ماجه]

https://sunnah.global/hadeeth/my/show/8378

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee